**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**သတ္တုတွင်းဝန်ကြီးဌာန**

**ဆားလုပ်ငန်းဥပဒေ**

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**ဆားလုပ်ငန်းဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၆/၉၂)**

**၁၃၅၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်**

**(၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)**

**နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေ ကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဆားလုပ်ငန်းဥပဒေ** ဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရ မည်-

(က) **ဆား** ဆိုသည်မှာ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်း၊ အိုင်၊ စိမ့်၊ စမ်း၊ ကန် ၊ တွင်းရေနှင့် သဲမြေ တို့ကို အသုံးပြု၍ ထုတ်ယူရရှိသော ဆိုဒီယမ်ကလိုရိုဒ်ကို ဆိုသည်။ ယင်းစကားရပ် တွင် သဘာဝအလျောက် မြေပေါ်/မြေအောက်တွင် ဖြစ်ပေါ်တည်ရှိနေသော ဆိုဒီယမ်ကလိုရိုဒ် လည်း ပါဝင်သည်၊

(ခ) **အပိုဓာတ်ဆား** ဆိုသည်မှာ ဆားကို အခြားဓာတုပစ္စည်းများနှင့် ပေါင်းစပ်၍ ထုတ်ယူရရှိသော ဓာတ်ဆား အမျိုးမျိုးကိုလည်းကောင်း၊ ဆားထုတ်ယူပြီး ကျန်ရှိသည့် ကြက်တက်ရည်မှ ထုတ်ယူရရှိသော ဓာတ်ဆားအမျိုးမျိုးကို လည်းကောင်း၊ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်း၊ အိုင်၊ စိမ့်၊ စမ်း၊ကန်၊ တွင်းရေ နှင့် သဲမြေတို့မှ ထုတ်ယူရရှိသော ဆိုဒီယမ်နှင့် ပိုတက်ဆီယမ် ဓာတ်ဆားအမျိုးမျိုးကိုလည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ရေမှော် အမျိုးမျိုးတို့မှ ထုတ်ယူရရှိသော ဓာတုပစ္စည်း အမျိုးမျိုးလည်း ပါဝင်သည်၊

(ဂ) **ဆားနယ်မြေ** ဆိုသည်မှာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် ဆား၊ အပိုဓာတ်ဆားများ ထုတ်လုပ်နိုင်သော နယ်မြေဒေသကို ဆိုသည်၊

(ဃ) **လိုင်စင်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအလို့ငှာ မြန်မာ့ဆားလုပ်ငန်းက ထုတ်ပေးသော ဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုလိုသည်၊

(င) **ထုတ်လုပ်ခြင်း**ဆိုသည်မှာ ဆား သို့မဟုတ် အပိုဓာတ်ဆားများကို သဘာဝအားဖြင့် လည်း ကောင်း၊ နေလှန်းခြင်းဖြင့် လည်းကောင်း၊ ထင်း သို့မဟုတ် မီးသွေးဖြင့် ထုတ်လုပ်သည့် နည်းမှအပ အခြားတစ်နည်းနည်းဖြင့်လည်းကောင်း ထုတ်လုပ်ခြင်းကို ဆိုလိုသည်။ ယင်း စကားရပ်တွင် ဆားကြိတ်ခွဲသန့်စင်ခြင်း လုပ်ငန်းလည်း ပါဝင်သည်၊

(စ) **ဝန်ကြီးဌာန** ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာနကို ဆိုသည်၊

(ဆ) **ဝန်ကြီး** ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(ဇ) **မြန်မာ့ဆားလုပ်ငန်း** ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းကို ဆိုသည်၊

(ဈ) **ဦးဆောင်ညွှန်ကြားရေးမှူး** ဆိုသည်မှာ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ် ရေး နှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်၊

(ည) **စစ်ဆေးသူ** ဆိုသည်မှာ ဆား သို့မဟုတ် အပိုဓာတ်ဆားထုတ်လုပ်မှုကို စစ်ဆေးခြင်း ပြုလုပ် ရန် ဦးဆောင်ညွှန်ကြားရေးမှူးက တာဝန်ပေးအပ်သော မြန်မာ့ဆားလုပ်ငန်းမှ ဝန်ထမ်းကို လည်းကောင်း၊ အခြားဌာနမှ ဝန်ထမ်းကိုလည်းကောင်း ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေကို အောက်ပါ ရည်ရွယ်ချက်များနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်ရမည်-

(က) သစ်တောပြုန်းတီးမှုမရှိစေရေးအတွက် နေလှန်းဆားကိုသာ ထုတ်လုပ်စေရန်၊

(ခ) ဆားထုတ်လုပ်မှု ပမာဏ တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးတက်စေရန်၊

(ဂ) ဆား ပိုမို ထုတ်လုပ်နိုင်ရေးအတွက် ဆား ထုတ်လုပ်နိုင်သည့် နယ်မြေဒေသများကို တိုးချဲ့ သတ်မှတ် ပေးရန်၊

(ဃ) ဆားနှင့် အပိုဓာတ်ဆားထုတ်လုပ်မှု တိုးတက်ရေး၊ အရည်အသွေး ကောင်းမွန်ရေး၊ ပြည်တွင်း စားသုံးမှုဖူလုံရေး၊ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူး ရောင်းချနိုင်ရေးနှင့် ပုဂ္ဂလိက ဆားထုတ် လုပ်မှု တိုးတက်စေရေးအတွက် ပံ့ပိုးကူညီရန်၊

(င) ဆား နှင့် အပိုဓာတ်ဆားများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) သုတေသနပြုလုပ်ရာမှ ရရှိသော ဆား ပိုမိုထုတ်လုပ်နိုင်သည့် နည်းလမ်းနှင့် အပိုဓာတ်ဆား ထုတ်လုပ်နိုင်သည့် နည်းပညာရပ်များကို ဆားထုတ်လုပ်သူ ပုဂ္ဂလိက လုပ်ငန်းရှင်များအား ဖြန့်ဖြူးရန်။

## အခန်း(၃)

## လိုင်စင်လျှောက်ထားခြင်း

၄။ ဆား သို့မဟုတ် အပိုဓာတ်ဆားကို စီးပွားဖြစ် ထုတ်လုပ်လိုသူသည် မြန်မာ့ဆားလုပ်ငန်းက သတ်မှတ် သည့် နည်းလမ်းများနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၅။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ပုဒ်မ ၄ ပါ လျှောက်လွှာများနှင့် စပ်လျဉ်း၍–

(က) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိမရှိ စစ်ဆေးတင်ပြစေရန် သက်ဆိုင် ရာ စစ်ဆေးသူအား တာဝန် ပေးအပ်နိုင်သည်၊

(ခ) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိကြောင်း တွေ့ရှိရပါက လိုင်စင်ထုတ် ပေး နိုင်သည်၊

၆။ မိသားစု စားသုံးရန် ဆားထုတ်လုပ်ခြင်းအတွက် လိုင်စင်ရယူရန် မလို။

၇။ လိုင်စင်သက်တမ်းသည် မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

## အခန်း(၄)

## လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၈။ လိုင်စင်ရရှိသူသည် အောက်ပါ အခွန်အခများအနက် ပေးဆောင်ရန်ရှိသော အခွန်အခများကို မြန်မာ့ ဆားလုပ်ငန်းက သတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်-

(က) လိုင်စင်ခ၊

(ခ) လိုင်စင်အသစ်လဲလှယ်ကြေး၊

(ဂ) ရက်လွန်ကြေး။

၉။ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် မြန်မာ့ဆားလုပ်ငန်းက ထုတ်ပြန် သည့် အမိန့်၊ ညွှန်ကြားချက် များကိုလည်း လိုက်နာရမည်၊

(ခ) ထုတ်လုပ်မှု စာရင်းဇယားများကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်၊

(ဂ) မြန်မာ့ဆားလုပ်ငန်းနှင့် စစ်ဆေးသူက တောင်းခံသော စာရင်းဇယားများကို တင်ပြရမည်၊

(ဃ) စစ်ဆေးသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

၁၀။ လိုင်စင်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) ဆား သို့မဟုတ် အပိုဓာတ်ဆား ပိုမိုထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေး မြင့်မားရေး အတွက် မြန်မာ့ဆားလုပ်ငန်းက ဖြန့်ဖြူးပေးသော နည်းလမ်းနှင့် နည်းပညာရပ်များကို ရယူခြင်း၊

(ခ) ထုတ်လုပ်သော ဆား သို့မဟုတ် အပိုဓာတ်ဆားများကို ပြည်တွင်း၌ လွတ်လပ်စွာ ရောင်းချ နိုင်ခွင့်ရှိခြင်း၊

(ဂ) ထုတ်လုပ်သော ဆား သို့မဟုတ် အပိုဓာတ်ဆားများကို ပြည်ပ သို့ သတ်မှတ်ချက်နှင့်အညီ တင်ပို့ ရောင်းချ နိုင်ခွင့်ရှိခြင်း၊

(ဃ) ပြည်ပသို့ရောင်းချရာမှ ရရှိသောနိုင်ငံခြားငွေ ဖြင့် ဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ် ရာတွင် လိုအပ်သော ဓာတုပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်း ကိရိယာများကို သတ်မှတ်ချက်နှင့် အညီ ဝယ်ယူ တင်သွင်းခွင့်ရှိခြင်း၊

(င) နှစ်ရှည် လိုင်စင်လျှောက်ထားခွင့်ရှိခြင်း၊

(စ) ဆား သို့မဟုတ် အပိုဓာတ်ဆား ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းတိုးချဲ့ လုပ်ကိုင် လိုပါက မြန်မာ့ဆားလုပ်ငန်း၏ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ခွင့် ရှိခြင်း။

## အခန်း(၅)

## ဦးဆောင်ညွှန်ကြားရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၁။ ဦးဆောင်ညွှန်ကြားရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) ဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်နိုင်မှုကို အခြေခံ၍ လိုင်စင်ခသတ်မှတ်ခြင်း၊

(ဂ) လိုင်စင် သက်တမ်း သတ်မှတ်ပေးခြင်း၊

(ဃ) လိုင်စင်အသစ် လဲလှယ်ပေးခြင်း၊

(င) ဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်နိုင်သည့် ဆားနယ်မြေများကို တိုးချဲ့ သတ်မှတ်နိုင် ရန် ဆောင်ရွက်ခြင်း၊

(စ) ဆားထုတ်လုပ်သည့် နည်းလမ်းများနှင့် အပိုဓာတ်ဆား ထုတ်လုပ်နိုင်သည့် နည်းပညာရပ် များကို လိုင်စင်ရရှိသူများအား ဖြန့်ဖြူးပေးခြင်း၊

(ဆ) ဆား နှင့် အပိုဓာတ်ဆား ထုတ်လုပ်မှု တိုးတက်ရေး၊ အရည်အသွေး ကောင်းမွန်ရေး၊ ပြည် တွင်း စားသုံးမှုဖူလုံရေးနှင့် ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လိုင်စင် ရရှိသူများအား ပံ့ပိုးကူညီ ခြင်း၊

(ဇ) မြန်မာ့ဆားလုပ်ငန်း၏ ဝန်ထမ်းများကို စစ်ဆေးသူများအဖြစ် တာဝန်ပေးအပ်ခြင်း၊ လိုအပ် ပါ က အခြားဌာနမှ ဝန်ထမ်းများကိုလည်း စစ်ဆေးသူအဖြစ် တာဝန်ပေးအပ်နိုင်ရန် သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဈ) စစ်ဆေးသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ည) ဆား သို့မဟုတ် အပိုဓာတ်ဆားကို ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ဝေးလံခေါင်းပါးဒေသများ တွင် ဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်ခြင်းတို့ကို ထောက်ရှု၍ လိုင်စင်ကြေး လျှော့ပေါ့ ကောက်ခံခြင်း၊

(ဋ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဆားပိုမိုထုတ်လုပ်နိုင်ရေးကိုရှေးရှု၍ နှစ်ရှည် လိုင်စင်ထုတ် ပေး ခြင်း၊

(ဌ) ထုတ်လုပ်သော ဆားများ စားသုံးရန် သင့်မသင့် ကို စစ်ဆေးစေခြင်း၊

(ဍ) နေလှန်းဆား ထုတ်လုပ်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၂။ ဦးဆောင်ညွှန်ကြားရေးမှူးသည် မိမိ၏လုပ်ပိုင်ခွင့်ကို မြန်မာ့ဆားလုပ်ငန်း၏ ပြည်နယ် သို့မဟုတ် တိုင်းအဆင့်ရှိ အရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း(၆)

## စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၁၃။ စစ်ဆေးသူသည်-

(က) မိမိတာဝန်ယူရသော နယ်မြေဒေသတွင်ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သော နယ်မြေဒေသ တွင်ဖြစ်စေ၊ ဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်သည့် လုပ်ငန်းများကို ဝင်ရောက် ကြည့်ရှု စစ်ဆေးခွင့်ရှိသည်၊

(ခ) လိုင်စင်ရရှိသူထံမှ ထုတ်လုပ်မှုနှင့် သက်ဆိုင်သော စာရင်းအင်းများကို တောင်းယူ ကြည့်ရှု စစ်ဆေး ခွင့်ရှိသည်၊

(ဂ) ဆား သို့မဟုတ် အပိုဓာတ်ဆား နမူနာရယူခြင်းနှင့် လိုအပ်ပါက ဓာတ်ခွဲစစ်ဆေးခြင်း ပြုနိုင် သည်၊

(ဃ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သူအား လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်ရမည်၊

(င) လိုင်စင်မရှိပဲ ဆား သို့မဟုတ် အပိုဓာတ်ဆား ထုတ်လုပ်သည်ကို စစ်ဆေးတွေ့ရှိရပါက သက်သေခံပစ္စည်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သိမ်း ဆည်းရမည်၊

(စ) မိမိတာဝန် ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက ပြည်သူ့ရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံ ရယူနိုင်သည်။

## အခန်း(၇)

## တားမြစ်ချက်နှင့်ပြစ်ဒဏ်

၁၄။ မည်သူမျှ လိုင်စင်မရှိပဲ ဆား သို့မဟုတ် အပိုဓာတ်ဆားကို စီးပွားဖြစ် ထုတ်လုပ်ခြင်း မပြုရ။

၁၅။ လိုင်စင်ရရှိသူသည်-

(က) ထင်း သို့မဟုတ် မီးသွေးဖြင့် ဆားထုတ်လုပ်ခြင်း မပြုရ၊

(ခ) လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ၊

(ဂ) မြန်မာ့ဆားလုပ်ငန်းက ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက် တို့ကို လိုက်နာရန် ပျက်ကွက် ခြင်းမရှိစေရ။

၁၆။ မည်သူမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးကို ချမှတ်ခြင်း ခံရမည်_

(က) ပထမအကြိမ်ကျူးလွန်ခြင်း ဖြစ်ပါက အနည်းဆုံး ကျပ် ၅၀၀၀၀မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိ ဒဏ်ကြေး တပ်ရိုက်ခြင်း၊

(ခ) ထပ်မံ ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၂၀၀၀၀၀မှ အများဆုံး ကျပ် ၅၀၀၀၀၀ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

၁၇။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေ ကို ချမှတ်ခြင်းခံရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ဒဏ်ကြေး တပ်ရိုက်ခြင်း၊

(ခ) ထပ်မံ ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၁၈။ ပုဒ်မ ၁၆ သို့မဟုတ် ၁၇ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေကို ဦးဆောင်ညွှန်ကြားရေးမှူးက ချမှတ် ရမည်။

၁၉။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ပုဒ်မ၁၆အရ အမိန့်ချမှတ်ရာတွင် တင်ပြလာသော သက်သေခံပစ္စည်း များကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသည်။

## အခန်း(၈)

## အယူခံခြင်း

၂၀။ ဦးဆောင်ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်း အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၂၁။ ဝန်ကြီးသည် ဦးဆောင်ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း ၍ အောက်ပါအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) အတည်ပြုခြင်း၊

(ခ) ပြင်ဆင်ခြင်း၊

(ဂ) ပြန်လည်စစ်ဆေးစေခြင်း။

၂၂။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၉)

## အထွေထွေ

၂၃။ မြန်မာ့ဆားလုပ်ငန်းသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆား၊ အပိုဓာတ်ဆားကို ဖက်စပ် ထုတ်လုပ်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက် များသည် မြန်မာ့ဆားလုပ်ငန်းက ဆောင်ရွက်သည့် ဆား၊ အပိုဓာတ်ဆား နှင့် ဓာတုပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများနှင့် မသက်ဆိုင်စေရ။

၂၅။ ဝန်ကြီးဌာနသည် အစိုးရဌာန တစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်အား ဤဥပဒေပါ ပြဋ္ဌာန်း ချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လိုင်စင်ခ သက်သာ ခွင့်ပြုနိုင်သည်။

၂၆။ မြန်မာ့ဆားလုပ်ငန်းသည် ရရန်ရှိသော လိုင်စင်ခ၊ ရက်လွန်ကြေး နှင့် ဒဏ်ကြေးငွေတို့ကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရ ကောက်ခံရမည်။

၂၇။ တည်ဆဲ မြန်မာ့ဆား အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ဆင့်ဆိုချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်း ချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့် မြန်မာ့ဆားလုပ်ငန်းသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ် ပြန်နိုင်သည်။

၂၉။ The Myanmar Salt Act, 1917 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပုံ (သန်းရွှေ)

ဗိုလ်ချုပ်ကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့